## ငြိမ်းချမ်းရေးရအောင် အမျိုးသမီးတွေ ကူညီနိုင်မလား?

# How do women help the peace process?

"နိုင်ငံရေးပါတီတွေ အဖွဲ့အစည်းတွေ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ ကိုယ်တိုင်ကိုယ်က သူတို့ရဲ့ပါတီအဖွဲ့အစည်းတွေမှာ အမျိုသမီးတွေကို ဦးဆောင်မှုနေရာမှာ လမ်းဖွင့်ပေးထားတဲ့ ပေါ်လစီတွေမရှိတဲ့ အတွက် ဒီကနေ့ဒီကာလ ငြိမ်းချမ်းရေးစားပွဲပေါ်ဆွေးနွေးတဲ့အခါမှာ အမျိုးသမီး ပါဝင်မှုက နည်းနေရခြင်းဖြစ်တယ်။"

**ရဲဘော်မိဆူးပွင့် ။ (ဗဟိုဦးဆောင်ကော်မတီဝင် ABSDF)**

---

"စစ်ပွဲဒေသတွေကိုလေ့လာကြည့်မယ်ဆိုရင် စစ်ပွဲကြောင့်ခံနေရတဲ့ ၅၀%ကျော် ဟာအမျိုးသမီးနဲ့ကလေးတွေ ဖြစ်တယ်။ ငြိမ်းချမ်းရေးကို စ လုပ်တော့မယ်ဆိုရင် ခံနေရတဲ့သူတွေပါမလာရင် ဘယ်တော့မှ ငြိမ်းချမ်းရေး မဖြစ်နိုင်ဘူး "

**မချယ်ရီဇာဟောင် ( လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူ )**

---

"ကျမတို့တောင်းဆိုနေတဲ့အမျိုးသမီးတွေပါဝင်မှုဆိုတာသည် ဆုံးဖြတ်ချက်ချမှတ်တဲ့နေရာမှာ အမျိုးသမီးတွေ ပါဝင်ဖို့ကိုပြောချင်တာဖြစ်တယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ အမျိုးသမီးဦးရေတိုးလာတာ ကိုတော့ကြိုဆိုတယ်။ ဒါပေမယ့် ပါးစပ်ပိတ်ပြီးနောက်မှာရပ်နေတဲ့ အမျိုးတွေကို ကျမတို့မလိုချင်ဘူး။ တကယ်ကို အရည်ချင်း ရှိရှိနဲ့ အမျိုးသားတွေနဲ့ တန်းတူဆုံးဖြတ်ချက်ချမှတ်နိုင်တဲ့နေရမှာပါဝင်ဖို့ အတွက်ကို ပြောနေတာဖြစ်ပါတယ်။ "

**လွေးပိုးညိုဂ်း ။ အထွေထွေအတွင်းအရေးမှူး၊ အမျိုးသမီးများ အဖွဲ့ ချုပ်(မြန်မာနိုင်ငံ)**

---

" လွှတ်တော်ထဲမှာရောက်နေတဲ့အမျိုးသမီးတွေက တပ်မတော်လို ကိုယ့်ထိုင်ခုံကိုယ်ယူပြီးရောက်လာတဲ့ အမျိုးသမီးတစ်ယောက်မှမရှိဘူး။ အမျိုးသမီးတိုင်းသည် ရွေးကောက်ပွဲကို ဖြတ်သန်းပြီးမှ လွှတ်တော်ကို

ရောက်ရှိလာတဲ့လွှတ်တော်ကိုယ်စားလှယ်တွေဖြစ်တယ်။"

**မချယ်ရီဇာဟောင် ( လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူ )**

---

" ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေမှာ အမျိုးသမီး ၁၇% ပါဝင်မှုဆိုတာက အရေအတွက်ပဲဖြစ်တယ်။ ကျမလိုချင်တာက အရည်အတွက်ထက်အရည်အချင်းကို ပိုလိုချင်တာပါ။ "

**ဒေါ်ရွှေရွှေစိန်လတ် ( အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပဲခူးတိုင်း ဒေသကြီး အမှတ် ၃ မဲဆန္ဒနယ် )**

---

"ငြိမ်းချမ်းရေးအတွက် အမျိုးသားတွေကိုလည်းစည်းရုံးဖို့ လိုတယ်။ Informal Mechanism အလွတ်သဘော ဆွေးနွေးပွဲတွေလို နေတယ်။ အမျိုးသမီးစေတမာန်အဖွဲ့ တွေထူထောင်ရမယ်။"

**ဒေါ်ရွှေရွှေစိန်လတ် ( အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပဲခူးတိုင်း ဒေသကြီး အမှတ် ၃ မဲဆန္ဒနယ် )**

---

" စစ်ပွဲတွေရပ်တန့်ဖို့ ကျမတို့ အမျိုးသမီးအဖွဲ့ အစည်းတွေအနေနဲ့ အမျိုးသမီးတွေအနေနဲ့ ဘယ်လိုပါဝင် နိုင်မလဲ မေးချင်ပါတယ် "

နော်ဟဲလေးဖော( မြန်မာအမျိုးသမီးသမဂ)

---

" လက်ရှိအဖွဲ့ အစည်းတွေကြားမှာ ဘက်တွေရှိကြတယ်။ စစ်တိုက်တာကို အားမပေးပေမယ့်လည်း ပြောဆိုတုန့်ပြန်မှုတွေအားလုံးက စစ်တိုက်တာကို အားပေးတဲ့အပြုအမူအပြောအဆိုတွေ ဖြစ်နေတဲ့ အခါကျတော့ ပဋိပက္ခကိုအားပေးတဲ့ပုံစံဖြစ်ပြီး စစ်ပွဲတွေကို မရပ်ဘူး"

**ရဲဘော်မိဆူးပွင့် ။ (ဗဟိုဦးဆောင်ကော်မတီဝင် ABSDF)**

---

"လွတ်လပ်တဲ့အမျိုးသမီးအဖွဲ့ အစည်းတွေကြားမှာ တန်းတူရေးပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းပြည်မပြိုကွဲရေး စတဲ့ အကြောင်းပြချက်တွေနဲ့ စစ်တိုက်တယ်ဆိုတာကိုတော့ လက်မခံနိုင်ပါဘူး။ "

## ရဲဘော်မိဆူးပွင့် ။ (ဗဟိုဦးဆောင်ကော်မတီဝင် ABSDF)

---